KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**သတင်းအကျဉ်းချုပ်**

ဇူလိုင် ၂၉ရက်၊ ၂၀၁၆/KHRG စာအမှတ်-16-4-NB1

# စောဖါးမီးအသတ်ခံရခြင်း (နိုဝင်ဘာလ ၁၃ရက်၊ ၂၀၁၅ခုနှစ်)

ဤသတင်းအကျဉ်းချုပ်သည်[1] ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) မှ ခွဲထွက်သည့် တပ်မှူးဟောင်း စောဖါးမီး အသတ်ခံရခြင်းနှင့် ပတ်သက်၍ သူ၏နောက်ခံသမိုင်းကြောင်းနှင့် ဖြစ်ပျက်မှု များကို ဖော်ပြထားပါသည်။ သူသည် နိုဝင်ဘာလ ၁၃ရက်နေ့၊ ၂၀၁၅ခုနှစ် ပတဲထာ့ကျေးရွာ၊ ထီးသဒေါ့ ထာ့ကျေးရွာအုပ်စု၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်တွင် KNLA တပ်ရင်းအမှတ် ၁၀၂ မှ စစ်သားများ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရပါသည်။ စောဖါးမီးသည် ဖာပွန်ခရိုင်တစ်ဝှမ်းတွင် တိုက်ရည်ခိုက်ရည် ကောင်းမွန်သူ တစ်ဦးဖြစ်သည်ဟု လူသိများသကဲ့သို့ ပြည်သူလူထုများ ထိတ်လန့်ကြောက်ရွံ့နေရသည့် လူ့အခွင့်အရေး ချိုးဖောက်သူ အဖြစ် နာမည်ကျော်ကြားသော သူတစ်ဦးလည်း ဖြစ်ပါသည်။ စောဖါးမီး ကျူးလွန်ခဲ့သည့် လူ့ အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်သော အသေးစိတ် အကြောင်းအရာများ ဖော်ပြသည့် အစီရင် ခံစာ အများအပြားကိုလည်း KHRG မှ ထုတ်ဝေခဲ့ဖူးပါသည်။

## စောဖါးမီး အသတ်ခံရခြင်း

KNLA တပ်မှူးဟောင်း စောဖါးမီး သေဆုံးသွားပြီ ဖြစ်ပါသည်။ KHRG မှ ရရှိထားသည့် သတင်းအချက် အလက်များအရ သူသည် နိုဝင်ဘာလ ၁၃ ရက်နေ့၊ ၂၀၁၅ ခုနှစ်၊ ပတဲထာ့ကျေးရွာ၊ ထီးသဒေါ့ထာ့ ကျေးရွာအုပ်စု၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်တွင် KNLA တပ်ရင်း အမှတ် ၁၀၂မှ စစ်သားများ၏ သတ်ဖြတ်

[1] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဖာပွန်ခရိုင်ရှိ ဒေသခံ အဖွဲ့ဝင်ထံမှ ရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံကာ သတင်းအကျဉ်းချုပ်အား KHRG ရုံးဝန်ထမ်းများမှ စုဆောင်း တင်ပြထားပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ ပိုင်းရှိ ရွာသူရွာသားများ၏ အမြင်ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်း လေ့လာသူများထံမှ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာ ပြန်လုပ်ဆောင် ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝဘ်ဆိုဒ်တွင် တင်ပြ ထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့် ပတ်သက်၍ အခြားသောအကြောင်းအရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝဘ်ဆိုဒ်တွင် ဆက်လက်ဖတ် ရှုနိုင်ပါသည်။

ခြင်းကို ခံခဲ့ရခြင်း ဖြစ်ပါသည်။ ရရှိထားသည့် သတင်းအချက်အလက်မှ ဖော်ပြချက်အရ သူ့အား ရာဇ၀တ်ဖြတ်သည့် စစ်သားအဖွဲ့မှာ KNLA တပ်ရင်း အမှတ် ၁၀၂မှ ဒုတပ်ကြပ် စောကပ္ပလီ ဦးဆောင်သည့် အဖွဲ့ ဖြစ်ပါသည်။ အဆိုပါ စစ်သားများမှ သူနေသည့် အိမ်အတွင်း ပစ်ခတ်တိုက်ခိုက်သည့်အချိန်တွင် သူ၏ လက်မောင်းတစ်ဖက်သာ ထိမှန်ခဲ့ပါသည်။ သူသည် ပစ်ခတ်မှု ဖြစ်ပွားသော နေရာမှ ထွက်ပြေးခဲ့ သော်လည်း နောက်ဆုံးတွင် ထိုစစ်သားများ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရပါသည်။ သူနှင့်အတူ မြေပြင်ပစ် လောင်ချာ တစ်လက်၊ M16 တစ်လက်၊ AK-47 ရိုင်ဖယ်တစ်လက်၊ အခြားသော မြေမြှုပ်မိုင်းနှင့် ကျည်ဆံများ အပါအ၀င် လက်နက်ခဲယမ်း ၁၁ လက် သိမ်းဆည်းရမိခဲ့ပါသည်။ စောဖါးမီး၏ ရုပ်အလောင်းအား ထီးသဒေ့ါထာ့ ကျေးရွာအုပ်စု၊ ပတဲထာ့ကျေးရွာ မြောက်ပိုင်းရှိ သံလွင်မြစ်ကမ်းပါးတွင် မြှုပ်နှံခဲ့ပါသည်။

စောဖါးမီးသည် ကရင်တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များဖြစ်ကြသော ကရင်အမျိုးသား အစည်းအရုံး (KNU) ၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင် တပ်မတော် (DKBA) စသည့် တပ်ဖွဲ့များနှင့် ရှုပ်ထွေးသော ပတ်သက်ဆက်နွယ်မှုရှိသူ တစ်ဦး ဖြစ်ပါသည်။ သူ၏ စစ်မှုထမ်းဘ၀အား KNLA တပ်ဖွဲ့မှ လုံခြုံရေးမှူး အဖြစ် ကျေးရွာအုပ်စု အဆင့်တွင် စတင်ခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် DKBA ပေါ်ထွက်လာသောအခါ သူသည် DKBA သို့ ၀င်သွားခဲ့ပါသည်။ DKBA တပ်ဖွဲ့ထဲသို့ တစ်နှစ်သာ၀င်ပြီး KNLA သို့ တဖန် ပြန်၀င်လာခဲ့ပြန်ပါသည်။ သူသည် စစ်မှုထမ်းစဉ်တွင် ဖာပွန်ခရိုင် တစ်ဝှမ်းတွင်သာ အဓိကလှုပ်ရှားပြီး တစ်နှစ်အကြာတွင် သူသည် တိုက်ရည်ခိုက်ရည် ကောင်းမွန်သူ တစ်ဦး အဖြစ် နာမည်ကျော်ကြားလာပါသည်။ စောဖါးမီးသည် ပညာရေးတွင် အတန်းပညာ နိမ့်ပါးသော်လည်း ရန်သူများအား တိုက်ခိုက်ရာတွင် ခြုံခို တိုက်ခိုက်သည့် တိုက်စစ်နည်းပရိယာယ်ကိုသာ အသုံးပြုပြီး သူသည် ခြုံခိုတိုက်ခိုက်သည့် နည်းဗျူဟာတွင် ကျွမ်းကျင်သူ အဖြစ် အသိမှတ်ပြုခြင်း ခံခဲ့ရသူလည်း ဖြစ်ပါသည်။

၂၀၁၀ခုနှစ်တွင် စောဖါးမီးနှင့် KNLA အဖွဲ့သားများသည် DKBAသို့ ထိုးဖောက်၀င်ရောက်ရန် အထက် အရာရှိမှ အမိန့်ပေး စေခိုင်းခဲ့ပါသည်။ ထိုသို့ ထိုးဖောက်၀င်ရောက်မှု ပြုလုပ်ပြီးနောက် မြိုင်ကြီးငူ အထူးဒေသမှ စုံနံ့သာမြိုင်ရွှေမြို့တော် ရပ်ကွက်ရှိ DKBA ၏ လက်နက်တိုက်အား ဖောက်ခွဲဖျက်ဆီးခဲ့ပါသည်။ ထို့နောက် တပ်မဟာ (၅)မှ KNLA ဌာနချုပ်ရှိရာ ဒေ့ပူနို့ (ရွာ) သို့ ပြန်သွားခဲ့ပါသည်။ စောဖါးမီး၏ ထိုးဖောက်မှု အောင်မြင်ပြီးနောက် ဗိုလ်ချုပ်ကြီး စောဘောကျော်ဟဲမှ သူ့အား ဗိုလ်ကြီးအဆင့်သို့ ရာထူး တိုးပေးလိုက်ပါသည်။ ထိုအချိန်မှစပြီး ဗိုလ်ကြီးစောဖါးမီးသည် သူ၏ နောက်လိုက်စစ်သားများနှင့်အတူ ဘူးသိုမြို့နယ်တွင် တပ်စွဲပြီး အထူးသဖြင့် ထီးသဒေ့ါထာ့ ကျေးရွာအုပ်စုတွင်သာ အဓိက လှုပ်ရှားနေပါတော့သည်။

စောဖါးမီးသည် ထီးသဒေ့ါထာ့ ကျေးရွာအုပ်စုတွင် အခြေစိုက် လှုပ်ရှားနေစဉ် သူသည် အထက်ရာရှိများ၏ ညွှန်ကြားချက်များကို နာခံမှုမရှိသလို အထက်အမိန့်များကို စတင်ဖီဆန်နေခဲ့ပါသည်။ သူသည် ဖိတ်ကြားထားသော အစည်းအဝေးသို့ တက်ရောက်မှုမရှိဘဲ ပတဲထာ့ ကျေးရွာ မြောက်ပိုင်းရှိ တောင်ကြား ဧရိယာမှ သူတပ်စွဲရာ တပ်စခန်း၌သာ အခိုင်အမာ အခြေကုပ်ယူကာ ဒေသခံ ရွာသူရွာသားများအပေါ် အခွင့်အရေး ချိုးဖောက်မှုများ မကြာခဏ ကျူးလွန် နေပါတော့သည်။ KHRG ၏ ကွင်းဆင်းလုပ်သားမှ တင်ပြချက်အရ စောဖါးမီး လှုပ်ရှားရာ ဧရိယာတစ်ဝိုက်တွင် KNUမှ သစ်လုပ်ငန်းမပြုလုပ်ရန် တားမြစ်ထားသော်လည်း သူသည် ဥပဒေများကို ဆန့်ကျင်ကာ သစ်ထုတ်လုပ်နေပါသည်။ ထို့အပြင် သူသည် KNU တားမြစ်ထားသော မူးယစ်ဝါးတစ်ခုဖြစ်သည့် ယာဘ စိတ်ကြွဆေးကိုလည်း အလွန်အကျွံ သုံးစွဲသဖြင့် မိမိကိုယ်ကို

ထိန်းချုပ်နိုင်စွမ်း လွှတ်ကင်းပြီး ဒေသခံ ပြည်သူလူထု သာမက သူ၏ ကိုယ်ပိုင် နောက်လိုက်စစ်သားများကို ပါ သတ်ဖြတ်ခဲ့ပါသည်။ ထို့ကြောင့် သူ့နောက်လိုက် စစ်သားများသည် သူနှင့် အတူ မနေရဲကြတော့ပေ။ သူ၏ စစ်သားအချို့သည် ထိုင်းနိုင်ငံရှိ မယ်လအူး ဒုက္ခသည်စခန်းသို့ ထွက်ပြေးကြပြီး အချို့မှာ ဗိုလ်ဘိ ဦးဆောင်သော DKBA တပ်ဖွဲ့ထဲသို့ ဝင်သွားကြပါသည်။ နောက်ဆုံးတွင် သူနှင့်အတူ စစ်သားနှစ် ယောက် သာ ကျန်ရှိပါတော့သည်။

KNU မှ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၄နေ့မှ ထုတ်ပြန်ချက်[2] အရ တပ်မှူး စောဖါးမီးသည် များစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့ခြင်းနှင့် KNLA မှ သူ၏ အထက်အရာရှိများနှင့် တွေ့ဆုံရန် ငြင်းပယ်ခဲ့ခြင်းများကြောင့် KNLA တပ်ဖွဲ့မှ သူ့အားရာထူးမှ ထုတ်ပယ်လိုက်ကြောင်း ကြေငြာထားပါသည်။ အဆိုပါ ကြေငြာချက် ထုတ်ပြန်ပြီး တစ်လအလွန်တွင် စောဖါးမီး သေဆုံးခဲ့ပါသည်။ KHRGမှ ရရှိထား သော အခင်းနှင့် ပတ်သက်ပြီး သိရှိသူ တစ်ဦးချင်းထံမှ တင်ပြချက်အရ ဒုတပ်ကြပ် စောကပွလီ သည် သူ၏ဆန္ဒတစ်ခုတည်းဖြင့် ဤလူသတ်မှုအား ကျူးလွန်ခြင်းထက် KNLAမှ အထက်အမိန့်အရဖြင့်သာ ကျူးလွန်ခဲ့ရခြင်း ဖြစ်ကြောင်း သုံးသပ်ကြပါသည်။

## ယခင် ကျူးလွန်ခဲ့သည့် စောဖါးမီး၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ

ဖာပွန်ခရိုင်အတွင်း ဖြစ်ပွားခဲ့သော စောဖါးမီးနှင့်ပတ်သက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း ကို KHRGမှ ယခင်က တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ၂၀၀၉ခုနှစ်၊ ဩဂုတ်လ ၅ရက်နေ့တွင် ရွာသား တစ်ဦးသည် ကားဖြင့် ဒွယ်လိုး မြို့နယ်ရှိ မထောကျေးရွာသို့ သွားရာလမ်းတွင် စောဖါးမီးနှင့် မျက်နှာချင်းဆိုင်ဆုံ တွေ့ ခဲ့ပြီး စောဖါးမီးအား လမ်းဖယ်ပေးရန် ပြောဆိုခဲ့ရာ သူ၏ကားအား မမောင်းထုတ်နိုင်ခဲ့သဖြင့် စောဖါးမီးမှ အဆိုပါရွာသားအား အကြမ်းဖက်မှု ပြုခဲ့ပါသည်။ စောဖါးမီးသည် ရွာသားဖြစ်သူ ဦး က--- အား ကားထဲမှ ဆွဲထုတ်ပြီး မြေပြင်သို့ တွန်းလှဲကာ ဦး က---  ၏ကားထဲမှ တံတားပြုပြင်ရန် အတွက် သယ်ဆောင်လာ သည့် သစ်သားဖြင့် ရိုက်နက်ခဲ့ပါသည်။ ထိုနောက် စောဖါးမီးသည် သူ၏ ပစ္စတိုသေနတ်အား မောင်းတင်ကာ အဆိုပါ ရွာသား ဦးက---ကို ပစ်သတ်ရန် သေနတ်ဖြင့် ချိန်လိုက်ပါသည်။ သို့သော် အခြားသော ရွာသားများမှ စောဖါးမီး၏ သေနတ် ကျည်ဆံထွက်မသွားခင် ချိန်ထားသော သေနတ်ပြောင်း အား ပြန်ချရန် တောင်းပန်ခဲ့ရပါသည်။[3]

၂၀၁၂ခုနှစ်၊ အောက်တိုဘာလ ၁၅ရက်နေ့တွင်လည်း ဘူးသိုမြို့နယ်၊ ထီးသဒေါ်ထာ့ ကျေးရွာအုပ်စုရှိ မ--- ရွာမှ အသက် ၅၁နှစ်အရွယ်ရှိ ရွာသား စောဖ---သည် စောဖါးမီး တားမြစ်ထားသည့် ဇရိယာ နယ်မြေ အတွင်းသို့ နွားသွားကျောင်းမိသဖြင့် စောဖါးမီး၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရပါသည်။ စောဖါးမီးသည် ရွာသား စောဖ--- အား ရိုက်နက်ခဲ့သည့်အပြင် သူ၏ နွားတစ်ကောင်အား ပစ်သတ်ကာ ချက်စား ခဲ့ပါသည်။[4] တဖန် ၂၀၁၅ခုနှစ် ဇူလိုင်လတွင် အသက် ၅၆နှစ် အရွယ်ရှိ ထီးသဒေါ်ထာ့ ကျေးရွာအုပ်စုမှူး ကျော်ဒါးဒါး ပျောက်ဆုံးမှုနှင့် အကြမ်းဖက်နှိပ်စက်မှုတွင် စောဖါးမီးမှ နောက်ကွယ်တွင် ကြိုးကိုင်မှုဖြင့်

---

[2] သတင်းအပြည့်အစုံကို ; "KNU Brigade 5 respond to the media, regarding media reports of forced recruitment in Brigade 5," *အောက်တိုဘာလ ၂၀၁၅ခုနှစ်* (မြန်မာဘာသာ); အင်္ဂလိပ်ဘာသာဖြင့် "Clarification from the Karen National Union (KNU) Mutraw District Regarding Media reports on Forced Recruitment and Other Issues in Mutraw District October 14, 2015," *Karen Kwe News Group*, October 2015 တွင် ကြည့်ပါ။

[3] "Starving them out: Food shortages and exploitative abuse in Papun District," KHRG, October 2009 တွင် ကြည့်ပါ။

[4] "Incident Report: Violent abuse in Papun District, October 2012," KHRG, April 2013 တွင် ကြည့်ပါ။

ပါဝင်ပတ်သက်မှု ရှိခဲ့ပါသည်။ ကျော်ဒါးဒါးမှ စောဖါးမီး ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘူးသိုမြို့နယ် အစည်းအဝေးတွင် ထုတ်ဖော်ပြောဆို တင်ပြခဲ့သောကြောင့် စောဖါးမီး၏ သတ်ဖြတ်ခြင်း ခံရသည့် သတင်းကို KHRG မှ နောက်ပိုင်းတွင် ရရှိခဲ့ပါသည်။[5]

ထို့အပြင် KHRGမှ အတည်မပြုနိုင်သည့် အတင်းအဓမ္မ တပ်သားစုဆောင်းခြင်းမှ စောဖါးမီး ပါဝင်ပတ်သက်သည့် သတင်းကိုလည်း ရရှိခဲ့ပါသည်။ KHRG ကွင်းဆင်းလုပ်သားမှ တင်ပြချက်အရ မြိုင်ကြီးငူမှ အသက် ၄၅ရွယ်ရှိ စောကာပေးသည် သူ၏ ကလေးအား စစ်မှုထမ်းရန် မပေးနိုင်သဖြင့် စောဖါးမီး၏ သတ်ဖြတ်ခြင်း ခံခဲ့ရပါသည်။ ထို့နည်းတူ အသက်၄၆နှစ်ရွယ်ရှိ သူ၏ တပ်သား ကျော်ဟဲနီကိုလည်း သတ်ပစ်လိုက်သည့်အကြောင်း KHRG၏ ကွင်းဆင်းလုပ်သားထံမှ သိရှိရပါသည်။

[5] "Commander Pah Mee implicated in violent abuse, disappearance, and killing of village tract leader in Hpapun District, July 2015,"KHRG, March 2016 တွင် ကြည့်ပါ။

## Mu Traw (Hpapun) District

